## ၁၄၉။ အဖေ့အကြောင်း

ချာတိတ်သုံးယောက် တွေ့ကြသည်။

ပထမချာတိတ် - ငါ့အဖေဟာ အင်မတန် အားကောင်းတဲ့လူ၊ ဘာကြောင့်လဲဆိုတော့ ဝက်ဝံသားကို သူ စားလို့ပဲ။

ဒုတိယချာတိတ် - ငါ့အဖေဟာ ရေကူး အင်မတန် တော်တယ်၊ ဘာကြောင့်လဲဆိုတော့ ငါးကို မှန်မှန် စားလို့ပဲ။

တတိယချာတိတ် - ငါ့အဖေကတော့ ဆေး မှန်မှန် စားတယ်၊ ဒါပေမယ့် သူ ဘယ်တော့မှ ဆရာဝန်ဖြစ်မှာ မဟုတ်ဘူး။

## ၁၅၀။ မျက်စိမှိတ်ကာကွယ်ခြင်း

မိန်းမကို ထိုးကြိတ် ရိုက်နှက်မှုဖြင့် ယောကျ်ားတစ်ဦးကို ရုံးတင်သည်၊ ၎င်း၏ဇနီးသည် သက်သေအဖြစ် ပါလာသည်၊ ယောကျ်ားကို လက်ထိတ်နှင့် မြင်သောအခါ မိန်းမဖြစ်သူ ရင်ထဲ စို့သွားသည်၊ ယောကျ်ား အပြစ်မကျရအောင် တတ်နိုင်သမျှ ကာကွယ်မည်ဟု ဆုံးဖြတ်လိုက်သည်၊ တရားသူကြီးက ၎င်းကို မေးသည်။

"ခင်ဗျားရဲ့ ညာဘက်မျက်လုံးအောက်မှာ ရောင်ကိုင်းနေတာဟာ ဒီလူက ထိုးကြိတ်လို့ မဟုတ်လား"







"မဟုတ်ပါဘူးရှင်၊ အမှောင်ထဲမှာ တံခါးနဲ့ ကျွန်မဟာ ကျွန်မ ဆောင့်မိတာပါ"

"ခင်ဗျား နားရွက် တစ်ဖက် ပွဲနေတာက ရော သူကိုက်လို့ မဟုတ်ဘူးလား"

"မဟုတ်ရပါဘူး တော်၊ ကျွန်မဟာကျွန်မ ကိုက်လိုက်တာပါ"

## ၁၅၁။ သက်ပြင်းချတာချင်း အတူတူ

တရားသူကြီးက သက်သေအမျိုးသမီးကို အရင်မေးသည်။

"ခင်ဗျားမှာ အိမ်ထောင်ရှိသလား"

အမျိုးသမီးက သက်ပြင်းချသည်။

"အိမ်ထောင်မရှိဘူး"ဟု ရေးလိုက်ဟု တရားသူကြီးက ရုံးစာရေးကို ပြောသည်၊ ထို့နောက် အမျိုးသားသက်သေကို မေးသည်။

"ခင်ဗျားဆီမှာ မိန်းမရှိသလား"

အမျိုးသားသက်သေ သက်ပြင်းကြီးချသည်။

"အိမ်ထောင်ရှိတယ်"လို့ ရေးလိုက်ဟု တရားသူကြီးက ရုံးစာရေးကို ပြောသည်။